## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 28 , 2022 | Volume 61, Number 19


### ၂၈.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၄.၀၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com


### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လအတွင်း မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃ ဒသမ ၅ သန်း ဝင်ရောက်မြှုပ်နှံထား



https://news-eleven.com/article/242282

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လအတွင်း မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃ ဒသမ ၅ သန်း ဝင်ရောက်မြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုမှာ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ တစ်ရာခိုင်နှုန်းအောက်သာရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

"မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ကဏ္ဍများအနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနဲ့ ရေလုပ်ငန်းကဏ္ဍတွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုက နှစ်အလိုက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ နှစ်ရာခိုင်နှုန်းအောက်ရောက်ရှိနေတာကို ကျွန်တော်တို့ဌာနရဲ့စာရင်းဇယားများအရ သိရပါတယ်။ ဒါကြောင့် နိုင်ငံရဲ့အရေးပါတဲ့ကဏ္ဍဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရေး နည်းလမ်းများရှာဖွေပြုပြင် ပြောင်းလဲပြုလုပ်ခြင်းဖြင့် ၎င်းကဏ္ဍတွေအတွက် ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ၌နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့သည့် အခြေအနေကိုလေ့လာကြည့်ပါက ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ခြောက်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၀ ဒသမ ၆၅၀ သန်းသာရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာ ၁၃၄ ဒသမ ၄၈၅ သန်း ဝင်ရောက်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာတွင်မူ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု မဝင်ရောက်ခဲ့ပေ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ဒေါ်လာ ၇ ဒသမ ၁ သန်းကျော်၊ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၉ ဒသမ ၆၆ သန်း ကျော်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၀ ဒသမ ၂ သန်းကျော်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ဒေါ်လာ ၉ ဒသမ ၆ သန်းကျော်ဝင်ရောက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်မူ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်

ခြင်းမရှိခဲ့ပေ။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ဒေါ်လာ ၇၇ ဒသမ ၇ ဘီလီယံကျော်အထိဝင်ရောက်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းဒေါ်လာ ၃၉၅ သန်းကျော်ဝင်ရောက်ခဲ့ပြီး စုစုပေါင်းဝင်ရောက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ၏ သုည ဒသမ ၅၁ ရာခိုင်နှုန်းသာရှိခဲ့သည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အားလျော်စွာ စိုက်ပျိုးရေးအခြေခံ စီးပွားရေးစနစ်ကို ရောက်ရှိစေနိုင်ဖို့အတွက် စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားနဲ့ အရည်အသွေးတိုးတက်မှုရှိစေရေး အရေးတကြီးလိုအပ်နေတာ အားလုံးအသိပဲဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄၄၁ ဒသမ ၈၃၈ သန်းသာ ဝင်ရောက်ထားသည်။ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၈၂၆ ဒသမ ၂၁၈ သန်း ဝင်ရောက် ထားကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးအခြေခံစီးပွားရေးစနစ်ကိုရောက်ရှိနိုင်ရန် စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားနှင့် အရည်အသွေးတိုးတက်မှုရှိစေရေး အရေးတကြီးလိုအပ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန DICA ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သိရှိနိုင်ရန်အတွက် အခွင့်အရေး တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစကားဝိုင်းဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကဦးဆောင်၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်နှစ်ခုရှိကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန်နှင့် ယင်းကဏ္ဍနှင့်သက်ဆိုင်သည့်စိန်ခေါ်မှု အခက်အခဲ များကို အစိုးရ၊ ပုဂ္ဂလိကရှုထောင့်အသီးသီးကဖော်ထုတ်ပြီး အဖြေရှာနိုင်ရန်ဖြစ်ကြောင်း ဦးသန့်စင်လွင်ကပြော ကြားထား သည်။

**Source:** https://news-eleven.com/article/242282

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်မည်

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ပြီး ပဲတီစိမ်းတစ်ဧကလျှင် ကျပ်တစ်သိန်းနှစ်သောင်းနှင့်ညီမျှသော သွင်းအားစုကို လည်းကောင်း၊ နှမ်းစပါးတစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့်နှမ်းစပါး စီမံကိန်းဝင်တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက သန်လျင် အ.ထ.က(၁) ရတနာရှင်းသန့်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူး ချုပ်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ စီမံကိန်းဝင်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့်နှမ်းစပါးစီမံကိန်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့များ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ဝယ်ယူကြိတ်ခွဲရောင်းချသူများ အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံများအထွက်တိုးရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ် ရေး၊ ဈေးကွက်ခိုင်မာသေချာရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများအပေါ် စနစ်တကျလိုက်နာရန် လိုအပ်ချက်

များကို ပြောကြားသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀၀ ကျော်နှင့် နှမ်းဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ပြီး ပဲတီစိမ်းတစ်ဧကလျှင် ကျပ်တစ်သိန်းနှစ်သောင်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း၊ နှမ်းတစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း ထောက်ပံ့ပေးမည်ဖြစ်သည်။

ဝန်ဆောင်စရိတ် တစ်ရာခိုင်နှုန်းမှအပ အတိုးမဲ့ထုတ်ပေးထားသည့် အဆိုပါထောက်ပံ့ခြင်းအတွက် သီးနှံပေါ်ချိန်တွင် သွင်းအားစုဖိုးနှင့်ညီမျှသောသီးနှံကို ကာလပေါက်ဈေးဖြင့် ပေးသွင်းရန်ဖြစ်ပြီး ကျန်သီးနှံကို တောင်သူစိတ်တိုင်းကျ ရောင်းချနိုင်မည်ဖြစ်သည်။ သွင်းအားစုဖိုး ပြန်လည်ကောက်ခံရရှိငွေကို နောက်ရာသီသီးနှံစိုက်ပျိုးရေးအတွက် ဆက်လက်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242277

## အသစ်ထွက်လာမည့်ပို့ကုန်ပဲများ အမြင့်ဈေးတန်းရရှိနိုင်




အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက် မြင့်မားစွာရှိနေသဖြင့် အသစ်ထွက်ရှိလာမည့် ပို့ကုန်ပဲများမှာ အမြင့်ဈေးတန်း ရရှိနိုင်သကဲ့သို့ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာလည်း ဈေးအမြင့်တန်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပဲ၊ နှမ်းကုန်သည်များက သုံးသပ်ထားသည်။

လက်ရှိဒေါ်လာဈေးတည်ငြိမ်နေသဖြင့် အသစ်ဝင်ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေသော်လည်း အိန္ဒိယ၏ ပဲလိုအပ်ချက် မြင့်မားနေခြင်းကြောင့် ၂၀၂၃ ခုနှစ် ပို့ကုန်ပဲသစ်များမှာ ဈေးကောင်းရရှိလာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်သည်။

အသစ်ဝင်ရောက်လာသည့် ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံတို့မှာ ဈေးမြင့်တက်လာခြင်းမရှိသေးသော်လည်း နှစ်သစ်တွင် အရောင်းအဝယ်သွက်လက်လာမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းလက်ကျန်နည်းလာသည့် ကုလားပဲအုပ်စုမှာ အမြင့်ဈေးတန်းအတိုင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) က သုံးသပ်ပြောကြားသည်။

တချိန်တည်းမှာပင် နယ်စပ်ပို့ကုန်လမ်းကြောင်း ကောင်းမွန်လာပါက နှမ်းမျိုးစုံနှင့်မြေပဲဆန်ဈေးကွက်သည်လည်း အမြင့်ဈေးသို့ ဦးတည်လာနိုင်ကြောင်းသိရသည်။ "ဒီအချိန်က နှစ်ကုန်ပဲ အဟောင်းရောင်း အသစ်ဝယ်ချိန်ပါ။ လက်ရှိ သီတင်းပတ်မှာဖြစ်ပေါ်နေတဲ့ အမြင့်ပဲဈေးတွေက နှစ်ကုန်ထိ ဒီအတိုင်းပဲ ဆက်သွားပါလိမ့်မယ်။ ကုလားပဲ V2 တစ်အိတ် ၁၉၅,၀၀၀ထိ ပေါက်ဈေးရှိနေပါတယ်။ ဒီပေါက်ဈေးက ဒီနှစ်အတွက်တော့ အမြင့်ဆုံးဈေးဖြစ်ခဲ့ပါတယ်။ ပို့ကုန်မတ်ပဲ ပေါက်ဈေးက တစ်အိတ်ကျပ် ၁၇၀,၀၀၀ ဝန်းကျင်၊ ပဲစင်းငုံတစ်အိတ် ကျပ် ၁၆၅,၀၀၀ထိ ပေါက်ဈေးရှိပါတယ်။ ပဲတီစိမ်း တစ်အိတ်က ကျပ် ၁၄၀,၀၀၀ ဈေးတန်းတွေကတော့ လွန်ခဲ့တဲ့ ၁၀ရက်လောက်ကတည်းက တည်ငြိမ်နေတာပါ။ ဒေါ်လာငွေလဲလှယ်နှုန်းကလည်း တည်ငြိမ်နေပါတယ်။

"ပို့ကုန်ပဲတွေအနေနဲ့ ဈေးမတက်ဘဲ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ နှစ်ကုန်ပြီး ဇန်နဝါရီ ၁၅ ရက်လောက်ဆိုရင် ပဲအသစ်တွေ ဈေးကွက်ထဲ အစုံ အလင် ဝင်ရောက်လာတော့မှာပါ။ ပို့ကုန်လှောင်လက်သမားတွေကတော့ အသစ်ဝင်လာမယ့် ပဲသစ်တွေကို စောင့်ဆိုင်းနေတာပါ။ ပြည်တွင်းသုံး ပဲတွေကတော့ ဈေးမတက်တာ တစ်လကျော်ကြာပါပြီ။ လာမည့် ပဲသစ်ရာသီမှာ ထွက်ပေါ်လာမယ့် ပို့ကုန်ပဲ ဈေးကွက်ကတော့ အမြင့်ဈေးတန်းတစ်ခု ဖြစ်လာနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

မတ်ပဲနှင့် ပဲစင်းငုံ နှစ်မျိုးသာ ဈေးကွက်သို့ အသစ်ဝင်ရောက်နေပြီး ဒီဇင်ဘာလ ၂၂ရက်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ် ကျပ် ၁၇၀,၀၀၀၊ ပဲစင်းငုံတစ်အိတ် ကျပ် ၁၆၅,၀၀၀ ၊ ပဲတီစိမ်းအညာ ထိပ်စ သုံးတင်းဝင် တစ်အိတ် ကျပ် ၁၄၀,၀၀၀ ပေါက်ဈေးရှိသည်။

နှစ်ကုန်ပိုင်း ရောက်ရှိလာသည်နှင့်အမျှ လက်ကျန်နည်းလာသည့် ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်စီ မြင့်တက် လာသည်။ ကုလားပဲ V2 တစ်အိတ် ကျပ် ၁၉၅,၀၀၀ ပေါက်ဈေးရှိပြီး၊ ပဲယင်းကြီး(သစ်) တစ်အိတ်ကျပ် ၁၂၅,၀၀၀၊ ပဲကြီး(သစ်) ကျပ် ၂၂၀,၀၀၀၊ ပဲထောပတ် ကျပ် ၁၆၅,၀၀၀၊ စွန်တာပြာ ကျပ် ၁၃၀,၀၀၀၊ မြေထောက်ပဲ ကျပ်၂၀၀,၀၀၀ နှင့် ကျွန်းစားတော်ပဲမှာမူ ကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေသည်။

Source: Myanma Awba

## ဈေးကွက်အတွင်း ဆောင်းပဲသီးနှံများ ဝင်ရောက်မှုများလာခြင်းကြောင့် ပဲဈေးများကျဆင်းနေ




လက်ရှိဈေးကွက်အတွင်း နယ်စုံမှ ဆောင်းပဲသီးနှံများ ဝင်ရောက်မှု များလာ ခြင်းကြောင့် ပဲဈေးများကျဆင်းနေကြောင်း ကုန်သည်များထံမှသိရသည်။ ထို့ပြင် ဒေါ်လာဈေး အေးနေပြီး ပြည်ပဝယ်လိုအားမှာလည်း မရှိသလောက်ဖြစ်နေသောကြောင့် ဈေးနှုန်း ကျဆင်းခြင်းလည်းဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

လက်ရှိတွင် ပြည်ပမှဝယ်လိုအားမရှိသော်လည်း သိုလှောင်ရန်ဝယ်ယူထားသည့် ကုန်သည်များရှိနေသာကြောင့် ဈေးကွက်အနည်းငယ်ရှိနေကြောင်းသိရသည်။ "အောင်လံ ကော၊ မန္တလေးမှာကော ဆောင်းသီးနှံတွေလဲထွက်နေတော့ မတ်ပဲက ပဲလက်ကျန်လည်း များတယ်။ ပဲစင်းငုံက ပေါလာလို့ကျတယ်။ ပြည်ပဝယ်လိုအားက လုံးဝမရှိဘူး အဓိက သိုလှောင်ထားချင်တဲ့လူတွေ အရောင်းအဝယ်ဖြစ်နေကြတာပေါ့ ။ ပြည်တွင်းမှာ ပဲအရောင်းဝယ်လုပ်နေကြတာ" ဟု အောင်လံ ကုန်စည်ဒိုင်မှဥက္ကဌ ဦးအောင်မိုးကပြောသည်။

မတ်ပဲတစ်တန်ကို ယခင် ၂၁သိန်း ဝန်းကျင်ထိရှိခဲ့ရာမှ လက်ရှိ ၁၇ သိန်း သုံးသောင်းနှစ်ထောင်သာရှိပြီး ပဲစင်းငုံ ဈေးနှုန်းမှာ  တစ်တန်ကို ကျပ် ၁၇သိန်းခွဲအောက်ထိအောင် ကျဆင်းနေကြောင်းသိရသည်။ ထိုဈေးနှုန်းမှာ နေရာဒေသပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းလည်း သိရသည်။

သို့သော် ပြီးခဲ့သည့်နှစ်ဖြင့်ယှဉ်ပါက ယခုပေါက်ဈေးမှာ အတက်ဈေးတွင်ရှိနေသေးကြောင်း ကုန်သည်များထံမှ သိရသည်။ ပြည်ပမှာလည်း ပဲအထွက်များနေပြီး ပြည်တွင်း၌လည်း ပဲသီးနှံအထွက်များနေသည့်အတွက် ဈေးကွက်အေးနေ ကြခြင်းဖြစ်ကြောင်းသိရသည်။ ပြည်ပတင်ပို့သည့်ပဲများမှာ ကျဆင်းနေသော်လည်း ပြည်တွင်းစားသုံးသည့် ပဲကြီး၊ ကုလားပဲ၊ စားတော်ပဲများမှာလည်း ပုံမှန်စားသုံးမှုရှိသည့်အတွက် ဈေးများမြင့်တက်နေကြောင်းလည်း ကုန်သည်များထံမှသိရ သည်။ "ပြည်တွင်းပဲတွေကတော့အတက်ဈေးမှာပဲ မပြောင်းလဲဘူး။ မဆိုးဘူး။ ပြည်တွင်းစားသုံးမှုက ပုံမှန်ဖြစ်နေတော့ ပိဿာနဲ့ဈေးနှုန်းတွေက ၆ သောင်းကနေ ၇ သောင်းခွဲရှိကြတယ်" ဟု ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမှ ပဲအမျိုးမျိုးရောင်းချသူကို ကျော်သူကပြောသည်။

မြန်မာနိုင်ငံမှာအဓိကစိုက်ပျိုးသည့်ပဲအမျိုးအစားတွေဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းဈေးနှုန်း အပြောင်းအလဲမှာ အဓိက ဝယ်လက်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒအပေါ်မှာ သက်ရောက်ခြင်းလည်းရှိကြောင်း သိရ သည်။ ပဲဈေးကတော့ လတ်တလော ဆက်ပြီးကျနေဦးမှာဖြစ်ပြီး နောက်ပိုင်းမှသာ ပြန်လည်ဈေးမာနိုင်မည်ဖြစ်ကြောင်း ကုန်သည်များက သုံးသပ်ကြသည်။

**AMIA**

**Source:** https://t.me/htwettoe

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်း၊ ကြံ၊ မြေပဲဆံ၊

ပြောင်း၊ ပိုးလုံးအိမ်(DRIED COCOON)၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ ရှောက်သီး၊ ဖရဲသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ ငွေပမာဏမှာ ၅၀၇၀၃၇၀ ဒသမ ၃၁ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၇၉၁၅၅၅ ဒသမ ၅ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၇၂၁၁၈၅ ဒသမ ၁၉ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ဒီဇင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့ အတွင်း ကန်ပိုက်တည်နှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဒီဇယ်အင်ဂျင်၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများတင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏမှာ ၇၈၀၂၅၀ ဒသမ ၅ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၆၃၈၅၈ ဒသမ ၃၂ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှင့်နှိုင်းယှဉ်ပါက ၃၁၆၃၉၂ ဒသမ ၁၈ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကိုတွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏ မှာ ၄၂၉၀၁၁၉ ဒသမ ၈၁ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁ ဒသမ ၂၀ ကျပ်ရှိကြောင်းသိရှိရပါသည်။
Source: မနေဘမြေကုန်သွယ်မှုဇုဟိုဌာန

## သကြားစက်ရုံမှထွက်ရှိလာသည့် ကြံကုန်ကြမ်းပစ္စည်းများကို စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူအသုံးပြုနေ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သကြားစက်ရုံများမှ ထွက်ရှိလာသည့် ကြံကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းရှိ အလုပ်ရုံများနှင့် စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူအသုံးပြုနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက် လုပ်ငန်းရှင်များအသင်း(မန္တလေး)မှ သိရသည်။

ယခုနှစ် ကြံရာသီတွင် သကြားစက်ရုံများက ကြံများကို ကြိတ်ဝါးပြီးလည်ပတ်ရာ၌ သကြားရရှိသည့်အပြင် ဘေးထွက်ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ကြံဖတ်၊ ကြံသကာရည်နှင့် ကြံမြှုပ်ချေးများလည်းရရှိကြောင်း၊ ထွက်ရှိလာသည့် ၎င်းကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းရှိ အလုပ်ရုံများနှင့် စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူပြီးကုန်ကြမ်းအဖြစ် အသုံးပြုကြကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

"သကြားစက်တွေက ကြံကိုချက်ရင် သကြားရတယ်။ ဒါ့ပြင်ထွက်ရှိလာတဲ့ ဘေးထွက်ကုန်ပစ္စည်းအနေနဲ့ကတော့ သကာရည်ထွက်မယ်။ ကြံဖတ်နဲ့ ကြံမြှုပ်ချေးတွေအားလုံးဟာ စွန့်ပစ်စရာမရှိပါဘူး။ သကာရည်နဲ့ကြံဖတ်ကိုတော့ စားသောက်ကုန်လုပ်ငန်းရှင်တွေက သူတို့ရဲ့လုပ်ငန်းတွေမှာ ကုန်ကြမ်းအဖြစ် အသုံးပြုကြပါတယ်။ ကြံမြှုပ်ချေးကိုတော့ စိုက်ပျိုးရေးလုပ်ကြတဲ့ တောင်သူတွေအတွက် သဘာဝမြေဩဇာ ပြုလုပ်ပါတယ်။ ရရှိတဲ့မြေဩဇာတွေကို စိုက်ပျိုးသီးနှံတွေမှာ အသုံးပြုကြပါတယ်။ ကြံကနေထွက်ရှိတဲ့ ကုန်ပစ္စည်းတွေဟာ စွန့်ပစ်စရာမလိုဘဲနဲ့ အသုံးပြုနိုင်တဲ့အရာတွေဖြစ်ပါတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

ယခုနှစ် ကြံရာသီတွင် သကြားစက်ရုံများက နိုဝင်ဘာလအတွင်းမှစ၍ ကြံများကိုဝယ်ယူကာ စက်ရုံများ လည်ပတ်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်ရုံများ လည်ပတ်နေကြပြီဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေး)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်ဈေးကွက်အတွင်းသို့ ပန်းပုရပ်ကြွ ဗောဓိညောင်ပင်တံကဲကားချပ်များ ဝင်ရောက်လာပြီးအရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်ဈေးကွက်အတွင်းသို့ ပန်းပုရပ်ကြွဗောဓိညောင်ပင်တံကဲကားချပ်များဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မိဘမေတ္တာနိဗ္ဗာန်ကုန်ဆိုင်ပိုင်ရှင် ဦးခင်ဝင်းက ပြောပြ၍သိရသည်။

အဆိုပါ ပန်းပုရပ်ကြွတံကဲကားချပ်များမှာ ဘုရားကျောင်းဆောင်နံရံတွင် အသင့်ချိတ်ဆွဲထားနိုင်ပြီး အခြားတံကဲများကဲ့သို့ နေရာမယူခြင်းနှင့်ဈေးနှုန်းသက်သာခြင်းတို့ကြောင့် အရောင်းသွက်လျက်ရှိကြောင်း၊ အဆိုပါ ပန်းပုရပ်ကြွတံကဲချပ်များမှာ မန္တလေးတိုင်းဒေသကြီး နိဗ္ဗာန်ကုန်ဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်ဈေးကွက်အတွင်းသို့ အချပ်ရေ ၂၀၀ ဝင်ရောက်လာကြောင်း သိရသည်။

"အခု ဒီဇင်ဘာလထဲမှာ လူတော်တော်များများအဝယ်များတာကတော့ ပန်းပုရပ်ကြွတံကဲကားချပ်တွေဖြစ်ပါတယ်။ ဒီလ ဒုတိယပတ်လောက်ကမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလည်း တစ်ချပ်ကို ငွေကျပ် ၅၀၀၀၀ လောက်ပဲရှိတဲ့အတွက် အဝယ်များပါတယ်။ ဈေးကွက်ထဲမှာက တံကဲသီးသန့်မရှိပါဘူး။ ပလ္လင်နဲ့ တံကဲတွဲလျက်က အနိမ့်ဆုံးဈေး ငွေကျပ် ၇၀၀၀၀ လောက်က စရှိတာဖြစ်တဲ့အတွက် အခုတံကဲကားချပ်တွေကို လူဝယ်များပြီး အရောင်းသွက်နေပါတယ်" ဟု ဦးခင်ဝင်းက ပြောပြသည်။

အဆိုပါ သုံးပေပတ်လည်အရွယ်အစား ပန်းပုရပ်ကြွဗောဓိညောင်ပင် တံကဲကားချပ်များမှာ တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀၀ ခန့်ဖြစ်ပြီး ယခုလအတွင်း ကားချပ်အချပ်ရေ ၅၀ ခန့် ရောင်းချထားကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လအတွင်း မြန်မာနှင့်ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာဘက်က ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၂၀၂ သန်းကျော် တင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်ဒေါ်လာ ၁၂၆၅ သန်းကျော်တင်သွင်း

လက်ရှိဘဏ္ဍာနှစ် ခုနစ်လအတွင်း မြန်မာနှင့်ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာဘက်က ပို့ကုန်တန်ဖိုးဒေါ်လာ ၂၂၀၂ သန်းကျော် တင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်ဒေါ်လာ ၁၂၆၅ သန်းကျော်တင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှအောက်တိုဘာလအထိ ခြောက်လအတွင်း မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၂၀၂ ဒသမ ၃၈၄ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၂၆၅ ဒသမ ၄၁၇ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၃၄၆၇ ဒသမ ၈၀၁ သန်းရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုးဒေါ်လာ ၃၂၈၇ သန်းကျော်ရှိပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုးဒေါ်လာသန်း ၁၉၈၀ ကျော်သာရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၃၂၈၇ ဒသမ ၅၄၇ သန်း၊ ထိုင်းဘက်မှသွင်းကုန်တန်ဖိုးဒေါ်လာ ၁၉၈၀ ဒသမ ၈၉၁ သန်းဖြင့် ကုန်သွယ်မှုဒေါ်လာ ၅၂၆၈ ဒသမ ၄၃၈ သန်းရရှိခဲ့သည်။

COVID-19 ကြောင့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုဒေါ်လာ သန်း ၅၁၀၀ ကျော်သာရှိပြီး ယခင်နှစ်ထက် ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၃၅၀ ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာဘက်မှ ပို့ကုန်တင်ပို့မှုတန်ဖိုး ဒေါ်လာ ၃၀၉၅ ဒသမ ၉၈၈ သန်းရှိသည်။ ထိုင်းဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၂၀၂၁ ဒသမ ၉၂၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ၅၁၁၇ ဒသမ ၉၁၃ သန်းရှိထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၄၆၅ ဒသမ ၁၇၃ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၃၂၇၇ ဒသမ ၅၇၅ သန်းတင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၂၁၈၇ ဒသမ ၅၉၈ သန်းတင်သွင်းထား သည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာလကုန်အထိ မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၂၉၅၈ ဒသမ ၀၃၉ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၅၅၉ ဒသမ ၄၅၄သန်းတင်ပို့ထားပြီး ထိုင်းဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၃၉၈ ဒသမ ၅၈၅ သန်းတင်သွင်းထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုဒေါ်လာ ၅၀၇၄ ဒသမ ၇၀၇ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ၂၈၄၆ ဒသမ ၀၆၆ သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၂၂၈ ဒသမ ၆၄၁ သန်းတင်သွင်းထားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုဒေါ်လာ ၄၂၈၈ ဒသမ ၁၇၂ သန်းရှိပြီး မြန်မာဘက်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၂၂၁၂ ဒသမ၂၃၄သန်း တင်ပို့ထားပြီး ထိုင်းဘက်မှသွင်းကုန်တန်ဖိုး ဒေါ်လာ ၂၀၈၅ ဒသမ ၉၃၈ သန်းတင်သွင်းထားသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များနှင့် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထား သည်။

**Source:** https://news-eleven.com/article/242276

## ထိုင်းဈေးကွက်အကြိုက်မြန်မာ့ငါးမျိုးစုံ


https://www.commerce.gov.mm

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းမှ ဖမ်းဆီးရမိသည့် ရေထွက်ပစ္စည်းများ အနက် ငါးမျိုးစုံ ကိုအဓိကဖမ်းဆီးကြသည်။ ဈေးနှုန်းချိုသာပြီး အရည်အသွေး ကောင်းမွန်သဖြင့် ပြည်တွင်းစားသုံးသူများသာမက အိမ်နီးချင်းနိုင်ငံများမှာလည်း နှစ်သက်စွာစားသုံးကြသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ပစ္စည်းများအား ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့်ငါးမျိုးစုံမှာလည်း နေ့စဉ်နှင့်အမျှတင်ပို့နေရသည်။ ငါးမျိုးစုံတွင်အဓိကအားဖြင့် ငါးခွေးလျှာ၊ ပလာတူး၊ ငါးပလွေ၊ ငါးမျက်ကျယ်၊ ငါးခါးလွယ်၊ ငါးခေါင်းပွတို့မှာ အများဆုံးတင်ပို့ရသည့် ငါးအမယ်များဖြစ်ကြသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ငါးမျိုးစုံတင်ပို့မှုအနေဖြင့် နေ့စဉ် (၁၀၀၀၀) kg မှ (၁၃၀၀၀) kg ထိ တင်ပို့နေရပြီး 1 Kg ဈေးနှုန်းအနေဖြင့် ငါးအမျိုးအစားအပေါ်မူတည်၍ အမျိုးမျိုးရှိ ကြသည်။ ငါးတင်ပို့မှုအပေါ် အရည်အသွေးသတ်မှတ်ချက် သီးသန့်ထုတ်ပြန်ထားခြင်းမရှိသော်လည်း လတ်ဆတ်သည့်ငါးများသာ ဈေးကောင်းရရှိကြောင်း သိရှိရသည်။ ရေထွက်ပစ္စည်းတင်ပို့နေသည့်ကုမ္ပဏီများအနေဖြင့် ဈေးနှုန်းကောင်းမွန်သည့် ငါးမျိုးစုံကို ပိုမိုတင်ပို့သင့် ပါကြောင်း တွေ့ရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-

## အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဆီအရောအနှော ၃၅ % ပါဝင်သော ဘိုင်အိုဒီဇယ်ကို အသုံးပြုသွားမည်ဖြစ်ခြင်း

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးနှုန်းကြီးမြင့်မှုကြောင့် လောင်စာဆီသွင်းကုန်လျှော့ချရန်နှင့် ပိုမိုသန့်စင်သောစွမ်းအင်ကို ပြောင်းလဲအသုံးပြုရန် ရည်ရွယ်ချက်များဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ လောင်စာ

ဆီတွင် ဆီအရောအနှော ၃၅ % ထိ တိုးမြှင့်ထားသည့် ဘိုင်အိုဒီဇယ်ဆီ သတ်မှတ်လိုက်ကြောင်းကို စွမ်းအင်ဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့အကြီးဆုံးစားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ဇီဝရုပ်ကြွင်းလောင်စာ (fossil gasoil) ဆီတွင် စားအုန်းဆီ ၃၀ % နှင့် ရောစပ်ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်ဆီအစီအစဉ် (B30 Programme) ကို ၂၀၂၀ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ B30 အစီအစဉ်မှ B35 အစီအစဉ်သို့ တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေးအတွက် ဘိုင်အိုဒီဇယ်ဆီ ခန့်မှန်း လိုအပ်ချက်သည် ကီလိုလီတာ ၁၃.၁၅ သန်း (သို့မဟုတ်) ၂၀၂၂ ခုနှစ်က ဘိုင်အိုဒီဇယ်ဆီသုံးစွဲခဲ့သည့်ပမာဏ (ကီလိုလီတာ ၁၁.၀၃ သန်း) ထက် ၁၉ % တိုးမြှင့်ရန်လိုကြောင်းကို စွမ်းအင်ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Agung Pribadi က ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်နှစ်တွင် ဒီဇယ်ဆီ ကီလိုလီတာ ၃၇.၅၈ သန်း သုံးစွဲနိုင်မည်ဟု ခန့်မှန်းထားရာ ၃၅ % ကို စားအုန်းဆီမှထွက်ရှိသည့် ဘိုင်အိုဒီဇယ်ဆီအသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ဘိုင်အိုဒီဇယ်ဆီလုပ်ငန်းအတွက် ကီလိုလီတာ ၁၆.၆၅ သန်း ထုတ်လုပ်နိုင်သည့်စက်တစ်ခုကို တပ်ဆင်ထားပြီးဖြစ်ပါကြောင်းကို စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနက ဘိုင်အိုဒီဇယ်ဆီပိုမိုရောစပ်သုံးစွဲခြင်းကြောင့် အင်ဂျင်စွမ်းဆောင်ရည်ကို မထိခိုက်နိုင်ကြောင်း စားသုံးသူများယုံကြည်ရန် ပိုမိုကောင်းမွန်သော ဘိုင်အိုဒီဇယ်ဆီဖြစ်စေရေး စံချိန်စံညွှန်းအသစ်များကို သတ်မှတ်ထားပါကြောင်း၊ အစိုးရသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကတည်းက စားအုန်းဆီ ၄၀ % ပါဝင်သည့် ဘိုင်အိုဒီဇယ်ဆီဖြင့် လမ်းမပေါ်တွင် စမ်းသပ်မောင်းနှင်ခဲ့ပြီး၊ အဆိုပါစမ်းသပ်မှုကို ယခုနှစ်ကုန်တွင် အပြီးသတ်နိုင်မည်ဟု မျှော်လင့်ထားပါကြောင်း CNA သတင်းဌာနအရ သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-international-

## STOCK EXCHANGE (28.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,403 (Shares) | 18,605,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 296 | 2,575,200 | 33,109,694 | 288,054 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,250 | 3,300 | 3,250 | 1,277 | 4,154,050 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +200 | +2.67% | 7,700 | 7,700 | 7,700 | 50 | 385,000 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | -500 | -2.63% | 19,000 | 19,000 | 18,500 | 572 | 10,609,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 51 | 135,150 | 12,823,224 | 33,982 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 10 | 27,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,900 | 5,000 | 4,900 | 147 | 720,400 | 10,497,598 | 52,488 |

## Market summary

As of 28th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.47 | +0.85 | +0.22% | 390.87 | 392.58 | 390.26 | 2,403 | 18,605,800 | 7 | 682,750 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 2,403 (Shares) | 18,605,800 (MMK) |

### Main Board

As of 1:00 pm, 28th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,403 (Shares) | 18,605,800 (MMK) |

| MYANPIX | 392.47 ▲ 0.85 |
|---|---|
| Total Volume (shares) | 2,403 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 682,750 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 200 |
| FPB | 00004 | 18,500 | ▼ 500 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |